
14 August, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၈)

## စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လှုပ်ရှားမှုများကြောင့် ဖမ်းဆီးထောင်ချခံရသူများ

### ဖမ်းဆီးထိန်းသိမ်း ထောင်ချခံရသူ အရေအတွက်




ဖမ်းဆီးခံခဲ့ရသူများ
**၇,၁၇၃+**

ချုပ်နှောင်ခံထားရသူများ
**၅,၅၇၁+**

တိမ်းရှောင်နေရသူများ
**၁,၉၈၄+**

ထောင်ဒဏ် ချမှတ်ခံထားရသူများ
**၂၅၅+**

သေဒဏ် ချမှတ်ခံထားရသူများ
**၆၅+**

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းပြီး နောက်ပိုင်း ဩဂုတ် ၁၃ ရက်အထိ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လှုပ်ရှားမှုများကြောင့် နိုင်ငံတဝန်း ဖမ်းဆီးခံရသူစုစုပေါင်း ၇,၁၇၃ ဦးရှိခဲ့ပြီး ယခုအချိန်အထိ ဖမ်းဆီးချုပ်နှောင်ခံထားရသူ စုစုပေါင်း ၅,၅၇၁ ဦး၊ တိမ်းရှောင်နေရသူ ၁,၉၈၄ ဦး၊ ထောင်ဒဏ်ချမှတ်ခံရသူ ၂၅၅ ဦးနှင့် သေဒဏ်ချမှတ်ခံရသူ ၆၅ ဦး အထိ ရှိလာသည်။ ထောင်ဒဏ်ချမှတ်ခံရသူ ၂၅၅ ဦးအနက် ၃၉ ဦးမှာ မျက်ကွယ်သေဒဏ် ချမှတ်ခံထားရပြီး မျက်ကွယ်သေဒဏ်အပါအဝင် မျက်ကွယ်ပြစ်ဒဏ်ချမှတ်ခံထားရသူ စုစုပေါင်း ၁၁၈ ဦး ရှိလာပါသည်။ ဇွန်လကဖော်ပြခဲ့သော ကိန်းဂဏန်းများ (**အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၃၄ကိုရှု**) နှင့် နှိုင်းယှဉ်ပါက ဖမ်းဆီးချုပ်နှောင်ခံရသူ ၄၅၈ ဦး၊ ထောင်ဒဏ်ချမှတ်ခံရသူ ၃၈ ဦးနှင့် သေဒဏ်ချမှတ်ခံရသူ ခုနစ်ဦး တိုးလာပါသည်။


**မှတ်ချက် -** ဖော်ပြပါ အချက်အလက်များသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများနှင့် လွတ်လပ်သော သတင်းမီဒီယာများ၏ဖော်ပြချက်များကိုအခြေခံ၍လက်လှမ်းမီသမျှပြုစုထားခြင်းဖြစ်ပြီးပါဝင်ခြင်းမရှိဘဲကျန်နေသူများနှင့်အချက်အလက် အပြည့်အစုံရရှိရန် စောင့်ဆိုင်းနေရမှုများလည်း ရှိနိုင်ပါသည်။ ထို့အပြင် ဖမ်းဆီးခံခဲ့ရသူများထဲတွင် ငွေဒဏ် (သို့မဟုတ်) ထောင်ဒဏ် ချမှတ်ခံရသူများ ပါဝင်သည်။ ဖမ်းဆီးခံခဲ့ရပြီး ချက်ချင်းပြန်လွှတ်ခဲ့သော ကိစ္စရပ်များကို ထည့်သွင်းဖော်ပြထားခြင်း မရှိပေ။

14 August, 2021

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၈)

## စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လှုပ်ရှားမှုများကြောင့် ဖမ်းဆီးထောင်ချခံရသူများ

### သြဂုတ်လအတွင်း နေ့စဉ် ဖမ်းဆီးခံရသူ အရေအတွက်




စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး လှုပ်ရှားမှုများကြောင့် သြဂုတ် ၂ ရက်မှ ၁၃ ရက်အထိ ၁၁ ရက်ကျော် ကာလအတွင်း ဖမ်းဆီးခံရသူ ၁၇၉ ဦးထက်မနည်း ရှိခဲ့သည်။ ထိုပမာဏသည် လက်လှမ်းမီသမျှ ကိန်းဂဏန်းသာဖြစ်ပြီး ယခုထက် ပိုမိုများပြားနိုင်ပါသည်။ စစ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လှုပ်ရှားမှုများကြောင့် သြဂုတ် ၁၃ ရက်အထိ ဖမ်းဆီးခံရသူ စုစုပေါင်း ၇,၁၇၃ ဦးရှိခဲ့ပြီး လက်ရှိအချိန်အထိ ချုပ်နှောင်ခံထားရသူ ၅,၅၇၁ ဦး ရှိပါသည်။


**မှတ်ချက် -** ဖော်ပြပါ အချက်အလက်များသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများနှင့် လွတ်လပ်သော သတင်းမီဒီယာများ၏ဖော်ပြချက်များကိုအခြေခံ၍လက်လှမ်းမီသမျှပြုစုထားခြင်းဖြစ်ပြီးပါဝင်ခြင်းမရှိဘဲကျန်နေသူများနှင့်အချက်အလက် အပြည့်အစုံရရှိရန် စောင့်ဆိုင်းနေရမှုများလည်း ရှိနိုင်ပါသည်။ ထို့အပြင် ဖမ်းဆီးခံခဲ့ရသူများထဲတွင် ငွေဒဏ် (သို့မဟုတ်) ထောင်ဒဏ် ချမှတ်ခံရသူများ ပါဝင်သည်။ ဖမ်းဆီးခံခဲ့ရပြီး ချက်ချင်းပြန်လွတ်ခဲ့သော ကိစ္စရပ်များကို ထည့်သွင်းဖော်ပြထားခြင်း မရှိပေ။

14 August, 2021

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၈)

စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လှုပ်ရှားမှုများကြောင့် ဖမ်းဆီးထောင်ချခံရသူများ

### ဖမ်းဆီးခံထားရသူ ကျား-မ အရေအတွက်





၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းပြီး နောက်ပိုင်း စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လှုပ်ရှားမှုများကြောင့် ဩဂုတ် ၁၂ ရက်အထိ နိုင်ငံတဝန်း ဖမ်းဆီးခံရသူစုစုပေါင်း ၇,၁၆၄ ဦးရှိခဲ့ပြီး ယခုအချိန်ထိ ဖမ်းဆီးချုပ်နှောင်ခံထားရသူ စုစုပေါင်း ၅,၅၆၂ ဦး ရှိပါသည်။ ၎င်းတို့အနက် ဩဂုတ် ၁၂ ရက်အထိ ရရှိထားသော အချက်အလက်များအရ ဖမ်းဆီးချုပ်နှောင်ခံရသူ ၅,၅၆၂ ဦး အား ပိုင်းခြားစိစစ်ခဲ့ရာ ၄,၄၄၀ ဦး (၇၉ ဒသမ ၈၂ ရာခိုင်နှုန်း) မှာ အမျိုးသား၊ ၁,၁၁၅ ဦး (၂၀ ဒသမ ၀၄ ရာခိုင်နှုန်း) မှာ အမျိုးသမီးများဖြစ်ပြီး ၇ ဦး (၀ ဒသမ ၁ ရာခိုင်နှုန်း) မှာ LGBT များဖြစ်ပါသည်။

**မှတ်ချက် -** ဖော်ပြပါ အချက်အလက်များသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများနှင့် လွတ်လပ်သော သတင်းမီဒီယာများ၏ဖော်ပြချက်များကိုအခြေခံ၍လက်လှမ်းမီသမျှပြုစုထားခြင်းဖြစ်ပြီးပါဝင်ခြင်းမရှိဘဲကျန်နေသူများနှင့်အချက်အလက် အပြည့်အစုံရရှိရန် စောင့်ဆိုင်းနေရမှုများလည်း ရှိနိုင်ပါသည်။ ထို့အပြင် ဖမ်းဆီးခံခဲ့ရသူများထဲတွင် ငွေဒဏ် (သို့မဟုတ်) ထောင်ဒဏ် ချမှတ်ခံရသူများ ပါဝင်သည်။ ဖမ်းဆီးခံခဲ့ရပြီး ချက်ချင်းပြန်လွတ်ခဲ့သော ကိစ္စရပ်များကို ထည့်သွင်းဖော်ပြထားခြင်း မရှိပေ။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၈)

## စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လှုပ်ရှားမှုများကြောင့် ဖမ်းဆီးထောင်ချခံရသူများ

### ဖမ်းဆီးခံထားရသူ အမျိုးအစားများ




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းပြီးနောက်ပိုင်း ဩဂုတ် ၁၂ ရက်အထိ ဖမ်းဆီးခံခဲ့သူ ၇,၆၁၄ ဦးအနက် ၄,၃၇၀ ဦးမှာ သာမန်အရပ်သား ပြည်သူများ ဖြစ်ကြသည်။ ဒုတိယအများဆုံးမှာ ကျောင်းသားလူငယ်များ ဖြစ်ကြပြီး ၅၃၀ ဦးကျော် ရှိပါသည်။

**မှတ်ချက် -** ဖော်ပြပါ အချက်အလက်များသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများနှင့် လွတ်လပ်သော သတင်းမီဒီယာများ၏ဖော်ပြချက်များကိုအခြေခံ၍လက်လှမ်းမီသမျှပြုစုထားခြင်းဖြစ်ပြီး ပါဝင်ခြင်းမရှိဘဲ ကျန်နေသူများနှင့်အချက်အလက် အပြည့်အစုံရရှိရန် စောင့်ဆိုင်းနေရမှုများလည်း ရှိနိုင်ပါသည်။ ထို့အပြင် ဖမ်းဆီးခံခဲ့ရသူများထဲတွင် ငွေဒဏ် (သို့မဟုတ်) ထောင်ဒဏ် ချမှတ်ခံရသူများ ပါဝင်သည်။ ဖမ်းဆီးခံခဲ့ရပြီး ချက်ချင်းပြန်လွှတ်ခဲ့သော ကိစ္စရပ်များကို ထည့်သွင်းဖော်ပြထားခြင်း မရှိပေ။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၈)

## စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လှုပ်ရှားမှုများကြောင့် ဖမ်းဆီးထောင်ချခံရသူများ

### နေရာဒေသအလိုက် ဖမ်းဆီးခံရသူများ




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး လှုပ်ရှားမှုများကြောင့် ဩဂုတ် ၁၂ ရက်အထိ ဖမ်းဆီးခံခဲ့ရသူများထဲတွင် အများစုမှာ ရန်ကုန်တိုင်းတွင် နေထိုင်ကြသူများဖြစ်သည်။ ဒုတိယအများဆုံးမှာ မန္တလေးဖြစ်သည်။ ဇွန်လကဖော်ပြခဲ့သော **အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၃၄** တွင်ပါသည့် ကိန်းဂဏန်းများနှင့် နှိုင်းယှဉ်ပါက ရန်ကုန်တိုင်းတွင် ဖမ်းဆီးခံရသူ ၁၄၂ ဦးတိုးလာပြီး မန္တလေးတိုင်းတွင် ဖမ်းဆီးခံရသူ ၁၅၅ ဦး တိုးလာပါသည်။

* အခြားဟူသည် အမည်နာမ၊ အရေအတွက် သိရှိရသော်လည်း မည်သည့်ဒေသ၌ အဖမ်းခံရသည်ကို အတည်မပြုနိုင်သေးသည့် သူများအား ဆိုလိုပါသည်။

မှတ်ချက် - ဖော်ပြပါ အချက်အလက်များသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများနှင့် လွတ်လပ်သော သတင်းမီဒီယာများ၏ ဖော်ပြချက်များကို အခြေခံ၍ လက်လှမ်းမီသမျှ ပြုစုထားခြင်းဖြစ်ပြီး ပါဝင်ခြင်းမရှိဘဲ ကျန်နေသူများနှင့် အချက်အလက်အပြည့်အစုံရရှိရန် စောင့်ဆိုင်းနေရမှုများလည်း ရှိနိုင်ပါသည်။ ထို့အပြင် ဖမ်းဆီးခံခဲ့ရသူများထဲတွင် ငွေဒဏ် (သို့မဟုတ်) ထောင်ဒဏ် ချမှတ်ခံရသူများ ပါဝင်သည်။ ဖမ်းဆီးခံခဲ့ရပြီး ချက်ချင်းပြန်လွှတ်ခဲ့သော ကိစ္စရပ်များကို ထည့်သွင်းဖော်ပြထားခြင်း မရှိပေ။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၈)

## စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လှုပ်ရှားမှုများကြောင့် ဖမ်းဆီးထောင်ချခံရသူများ

### တရားစွဲဆိုခဲ့သော ပုဒ်မများနှင့် အရေအတွက်

| | |
|---|---|
| ၁,၀၀၁ ဦး | ရာဇသတ်ကြီးပုဒ်မ ၅၀၅(က) ဖြင့် တရားစွဲခံထားရသူများ |
| ၈၆ ဦး | ရာဇသတ်ကြီးပုဒ်မ ၁၄၅ ဖြင့် တရားစွဲခံထားရသူများ |
| ၇၃ ဦး | သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဥပဒေဖြင့် တရားစွဲခံထားရသူများ |
| ၃၆ ဦး | ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၀၅(ခ) ဖြင့် တရားစွဲခံထားရသူများ |
| ၄၃ ဦး | လက်နက် အက်ဥပဒေဖြင့် တရားစွဲခံထားရသူများ |
| ၄၂ ဦး | ရာဇသတ်ကြီးပုဒ်မ ၁၈၈ ဖြင့် တရားစွဲခံထားရသူများ |
| ၄ ဦး | ရာဇသတ်ကြီးပုဒ်မ ၅၀၅(ဂ) ဖြင့် တရားစွဲခံထားရသူများ |
| ၃၆ ဦး | ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် တရားစွဲခံထားရသူများ |
| ၁၉ ဦး | ရာဇသတ်ကြီးပုဒ်မ ၁၂၄ ဖြင့် တရားစွဲခံထားရသူများ |
| ၁၆ ဦး | ငြိမ်းစုစီ ဥပဒေပုဒ်မ ၁၉ဖြင့် တရားစွဲခံထားရသူမျာ |
| ၇ ဦး | ရာဇသတ်ကြီးပုဒ်မ ၁၂၂(၁) ဖြင့် တရားစွဲခံထားရသူများ |
| ၄၃ ဦး | ၁၉၄၉ လက်နက်ဥပဒေပုဒ်မ ၂၁(၁) ဖြင့် တရားစွဲခံထားရသူများ |
| ၁၂ ဦး | ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေ ပုဒ်မ ၆(၁) ဖြင့် တရားစွဲခံထားရသူများ |
| ၅ ဦး | အစိုးရလျှို့ဝှက်အက်ဥပဒေ ပုဒ်မ ၃၁(ဂ) ဖြင့် တရားစွဲခံထားရသူများ |
| ၃ ဦး | ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေဖြင့် တရားစွဲခံထားရသူများ |
| ၂ ဦး | ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ) ဖြင့် တရားစွဲခံထားရသူများ |

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းပြီးနောက်ပိုင်း လက်ရှိအချိန်အထိ ဖမ်းဆီးချုပ်နှောင်ခံထားရသူ ၅,၅၆၂ ဦးအနက် အများစုမှာ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် တရားစွဲဆို ခံထားရသည်။ ရာဇသတ်ကြီးပုဒ်မ ၁၄၅ ဖြင့် တရားစွဲဆိုခြင်း ခံထားရမှုမှာ ဒုတိယအများဆုံးဖြစ်သည်။

**မှတ်ချက် -** ဖော်ပြပါ အချက်အလက်များသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများနှင့် လွတ်လပ်သော သတင်းမီဒီယာများ၏ဖော်ပြချက်များကိုအခြေခံ၍လက်လှမ်းမီသမျှပြုစုထားခြင်းဖြစ်ပြီးပါဝင်ခြင်းမရှိဘဲကျန်နေသူများနှင့်အချက်အလက် အပြည့်အစုံရရှိရန် စောင့်ဆိုင်းနေရမှုများလည်း ရှိနိုင်ပါသည်။